# ဖိုင်ရန်ကျေးရွာ

# တမူးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

# (၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဖိုင်ရန်ကျေးရွာ၊ တမူးမြို့နယ်

(တမူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

မှ ကူညီရေးဆွဲသည်)

Asiyin( PC)

# မာတိကာ


မာတိကာ

စကားချီး

သံယံဇာတပြမြေပုံနှင့် ရာသီခွင်ပြ ပြက္ခဒိန်

အပိုင်း(၁)ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်
ဖွံ့ဖြိုးရေးလုပ်ငန်းများ

(က) နိဒါန်း

(ခ) ရည်ရွယ်ချက်

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၁။ တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

၂။ သဘာဂအရင်းအမြစ်များ

၃။ လူဦးရေဆိုင်ရာအချက်အလက်များ

၄။ စီးပွားရေးအခြေအနေ

၅။ ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

၆။ ကျန်းမာရေးနှင့် အာဟာရ

၇။ ပညာရေးနှင့် ကျွမ်းကျင်မှုများ

၈။ ကျား-မရေးရာ

၉။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

၁၀။ သီးနှံ၊သား၊ငါး ထုတ်လုပ်ရေးကဏ္ဍ

၁၁။ ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

၁၂။ ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

၁၃။ အခြေခံအဆောက်အဦ- လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေးလက်လှမ်းမီမှု

၁၄။ အဟာန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၁၅။ ဆောင်ရွက်မည့် နည်းဗျူဟာ

၁၆။ ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(က) ဦးစားပေးစီမံချက်

(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

# ဖိုင်ရန် ကျေးရွာ သယံဇာတပြမြေပုံ



# ဖိုင်ရန်ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်



# စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ်မှ (၂၀၁၈-၂၀၂၂) ခု ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ ၏ ပထမဦးဆုံးသော ကျေးရွာသူ/သားများ ပူးပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ မိမိတို့ကျေးရွာအား ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးစီမံကိန်း ဆောင်ရွက်နိုင် ရန် ပူးပေါင်းညှိနှိုင်းရွေးချယ်ပေးခဲ့ကြပါသော မြို့နယ် စီမံခန့်ခွဲမှု အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့များအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ ကျေးရွာနှင့် သက်ဆိုင်သည့် ဒေသန္တရ အရေးကြီး အချက်အလက်များနှင့် အကြံဉာဏ်များကို တက်ကြွစွာ ကူညီပံ့ပိုးပေးကြပါသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို အစီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်း ပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်း များကို မသိရှိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြသည့် နည်းလမ်းအတွက် ကူညီပံ့ပိုးပေးမည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်၍ သင်တန်း ပို့ချဆောင်ရွက် ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံ သာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင် သောနေရာများမှလည်း ကောက်ယူရရှိ ခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ အကူအညီ ရယူရန်လိုအပ်ကြောင်း ကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(၁)တွင် ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ အဓိက ဖော်ပြ ထားပြီး အပိုင်း(၂) သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံကိန်း လုပ်ငန်း များ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တမူးမြို့နယ်

Asiyin( PC)

## အပိုင်း(၁) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

### (က)နိဒါန်း

၁။ ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်ဖြစ် ကြောင်းသိရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာ ပါဝင်၍ ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက် များပြုစုရန် အရေးကြီးပုံကို အလေးထားမိသည့်အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ဖွံ့ဖြိုးရေး စီမံကိန်း အကောင်အထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိ ပါသည်။

၂။ ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေ သောအချက်များ အပေါ်အခြေခံ၍ (၅)နှစ်တာ ကာလအတွင်း ဆောင်ရွက်လိုသည့် ရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက် မည့်စီမံချက်များကိုဖော်ထုတ်၍ အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ အရပ်ဘက် လူမှုရေးအဖွဲ့အစည်းများ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ် ရေးအဖွဲ့အစည်းများတို့ကို ချိတ်ဆက်၍ ဆောင်ရွက်ရမည်ကို သိရှိနားလည်စေခဲ့ပါသည်။

### (ခ) ရည်ရွယ်ချက်

၃။ လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရ စေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြင့် လုပ်ငန်းများ ကိုလူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှု ကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

### (ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၄။ ကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ရပါမည်။ ကျွန်ုပ်တို့စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ် မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

## ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ကျေးရွာသည် အာရှလမ်းနှင့် ၅ မိုင်အကွာအဝေးတွင်ရှိပြီး ဆက်သွယ်သွားလာရ ခက်ခဲသည်။ အသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖြစ်ကြသည်။ မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်ပါသည်။

### သဘာဝအရင်းအမြစ်များ

ကျေးရွာသည် လယ်ယာမြေ အသင့်အတင့်ရှိပြီး မြေပြန့်ဒေသဖြစ်ကာမြေဆီလွှာ အသင့်အတင့်ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသံယံဇာတ မထွက်ရှိပါ။ ရေသွင်းစိုက်ပျိုးနိုင်သော လယ်မြေကေပေါင်း (၁၃၁) ကေ ရှိပါသည်။

### လူဦးရေဆိုင်ရာအချက်လက်များ

အိမ်ထောင်စုပေါင်း (၆၅)စုနှင့် ကျား (၁၇၀)၊ မ(၁၆၅)ဦးဖြင့် လူဦးရေပေါင်း (၃၃၅)ဦးရှိကာတစ်အိမ်ထောင်လျှင်ပျမ်းမျှ (၅)ဦးနှုန်း ရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်လျှင်ပျမ်းမျှနှုန်း(၅)ဦးနှုန်းနှင့်ကိုက်ညီပါသည်။ ကျေးရွာတွင်ချင်းလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ (၇၀)% ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ပါသည်။

### စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး စပါး၊ မုန်ညင်း၊

ပဲများ ကိုအဓိကထား စိုက်ပျိုးကြပါသည်။အချို့မှာ ဝင်ငွေအရင်းအမြစ်မရှိသောကြောင့် လက်လုပ် လက်စားများမှာ (၇၀)% ခန့်ရှိပါသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင်အများဆုံးဖြစ်ပြီး မြေယာပိုင်လယ်သမား၊ လက်လုပ်လက်စား မြေယာမဲ့အိမ်ထောင်စုများ ပါဝင်သည်။

**ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု**

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ ဆန်ကြိတ်စက် ၊ လက်လုပ်လက်စား၊ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေရရှိနိုင်ကြသည်။ ကျေးရွာမှဆင်းရဲနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများကို လေ့လာကြည့်ရာ (၆၀) % မှာ သူတစ်ပါးထံမှ ချေးငှားပြီးမှ နပ်မှန်စားသုံးနိုင်ကြောင်း၊ ၂၀% မှာ ၃ လမှ ၅ လခန့် ၊ ၁၂% မှာ ၆ လမှ ၁၂ လခန့်ဖူလုံပါသည်။ အကြွေးတင်ရှိမှုတွင် တွေ့ကြုံသော အိမ်ထောင်စုအားလုံးသည် အကြွေးငွေအနည်းအကျဉ်း ခန့်တင်ရှိနေကြပါသည်။

**ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသား အများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ရာသီဥတုအပြောင်းအလဲ ရှိချိန်တွင် အဖျားအနာထူထပ်ပါသည်။ ကျေးရွာတွင် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများမရရှိသေးပါ။ ကျေးရွာတွင် ရေကောင်းရေသန့်မရရှိနိုင်သောကြောင့် ဝမ်းပျက်ဝမ်းလျှောစသည့် ရောဂါများဖြစ်ပွားပါသည်။ ကျေးရွာတွင် ကလေးငယ်အများစုမှာ အာဟာရနည်းပါးမှုကြောင့် ကျန်းမာရေးထိခိုက်မှု များပြားပါသည်။

**ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အားနည်းနေမှုရှိပါသည်။ ရွာသားအများစုသည် အခြေခံအရေးအဖတ်တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် နည်းပါးပါသည်။ ကျေးရွာတွင် ရွာရှိ မူလတန်းကျောင်းခွဲတွင် တက်ရောက်သင်ကြားနိုင်သည်။ သို့သော် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ အလွန်နိမ့်ကျပြီး လူငယ်လူရွယ်များအတွက် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

**ကျားမဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင် ကျား-မရေးရာ ကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မရေးရာ ဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင်ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

## ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၃)ဖွဲ့ ၊ ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ (၂)ဖွဲ့တို့ရှိပါသည်။ လူမှုရေးဆိုင်ရာအဖွဲ့အစည်းဖြစ်သည့် အမျိုးသမီးရေးရာအဖွဲ့၏ လှုပ်ရှားမှုမှာအားနည်းပါသည်။ လူငယ်အဖွဲ့နှင့်ယဉ်ကျေးမှုအဖွဲ့များသည် နာရေးကိစ္စ အပါအဝင် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်လျှက်ရှိပြီး အဖွဲ့အစည်း၏ ဆောင်ရွက်မှု အားကောင်းလှပါသည်။ သို့သော်အဆိုပါ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်း နေကြပါသည်။ အဖွဲ့အစည်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း ရရှိနိုင်ပါက ဖွံ့ဖြိုးရေး စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

## သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးအဓိကထားစိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက (၃၃၀) ရှိပြီး အောင်ရေရစိုက်ဧက (၁၉၉) ဧကနှင့် အောင်ရေမရစိုက်ဧက (၁၃၁)ဧက စိုက်ပျိုးကြသည်။ အောင်ရေရအိုးစပါး ပျှမ်းမျှထွက် (၅၅)တင်း၊ အောင်ရေမရ (၃၀) တင်းနှုန်းထွက်ရှိကြသည်။ တောင်သူများသည် လုပ်ငန်းခွင်အတွက် အလုပ်သမားငှားရမ်းရရှိနိုင်သေည်လည်း အလုပ် သမားကုန်ကျစရိတ် မြင့်မားပါသည်။ တောင်သူများသည် တစ်ခါတစ်ရံတွင် မိုးရွာသွန်းမှု မညီမျှမှု ကြုံတွေ့ရတတ်သည်။ ကျေးရွာတွင် အိမ်တိုင်းစေ့ ကြက်များတစ်နိုင်တစ်ပိုင် မွေးမြူကြသည်။ နည်းပညာဝန်ဆောင်မှုများကို မြို့နယ်မွေးကုဦးစီးဌာနမှ ရရှိနိုင်သော် လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းပါသည်။

## စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ ကုန်ရောင်းကုန်ဝယ်လုပ်ငန်းတို့ဖြစ်သည်။ ပညာအရည်အချင်းပိုင်းတွင် လည်းနိမ့်ကျပြီးသင်တန်းစရိတ် အကုန်ကျခံရန်နှင့် လုပ်ငန်းထူတောင်ရန် မတတ်နိုင်ကြပါ။ အသက်မွေးဝမ်းကျောင်းမှာ အများအားဖြင့်ခက်ခဲပါသည်။ လက်လုပ်လက်စားများမှာ

စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေ မမှန်ခြင်းတို့ကြောင့် တွက်ချေကိုက်မှု နည်းပါးပါသည်။

## ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာတွင် စပါးစိုက်ခင်းများ၌ ဖျက်ပိုးများ ကျရောက်တတ်ခြင်းတို့ကြောင့် ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာသုံးစွဲမှု များပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်ပါသည်။ တောင်သူများအနေဖြင့် ဓါတုပိုးသတ်ဆေးကိုသာအသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်း မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ အားပျော့သော မုန်တိုင်း ဝင်ရောက်မှု တစ်ခါတစ်ရံကြုံတွေ့ရတတ်သည်။ အခါအားလျော်စွာ ကျရောက်တတ်သော မိုးခေါင်ခြင်းသည် သဘာဝအန္တရယ်တစ်ရပ်အနေနှင့်ရှိနေဆဲ ဖြစ်ပါသည်။

လယ်ယာမြေအသင့်တင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီလွှာအသင့်တင့်ကောင်းမွန်ပါသည်။ ရေတွင်းစိုက်ပျိုးနိုင်သော လယ်မြေကေပေါင်း (၁၉၉) ရှိပြီး မိုးရေခံစိုက်ပျိုးရသော လယ်မြေကေပေါင်း (၁၃၁) ကေ ရှိပါသည်။

## ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေအားတစ်နှစ်လျှင် ၁ကျပ် ၈ဝပြားအတိုးနှင့် လယ်တစ်ကေလျှင် တစ်သိန်းငါးသောင်းကျပ်နှုန်းဖြင့် အများဆုံး (၅ဝ)ကေအတွက် ချေးယူနိုင်ကြသည်။ အဖွဲ့တွင်ချေးငွေကို (၈)လ အထိချေးယူနိုင်ပြီး စည်းကမ်းပိုင်းတွင် တင်းကျပ်ထားသည်။ ကျေးရွာသားအများစုသည် ချေးငွေကို စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် အိမ်ထောင်စုအများစုသည် ငွေကြေးချေးယူထားကြောင်းတွေ့ရှိရသည်။

## ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် အစိုးရမူလတန်းကျောင်း ၁၂ဝ/၂၇ ပေအရွယ်ရှိ သွပ်မိုး၊အုတ်နံရံကာ ၊ အင်္ဂတေအခင်းအဆောင်တွင် သင်ကြားပေးသည်။ ရွာသားအားလုံးမှာ ရေးတတ်ဖတ်တတ်

နည်းပါးသည်။ ကျောင်းတွင် ပရိဘောဂလုံလောက်မှုမရှိသောကြောင့် ပညာသင်ကြားရေး တွင် ခက်ခဲပါသည်။

ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းမရှိပါ။ ကျေးရွာ ပုဂ္ဂလိကဆေးခန်းတစ်ခု ရှိသည်။ကျေးရွာတွင်လျှပ်စစ်မီးမရရှိသောကြောင့်အအေးခန်းဖြင့် ဆေးဝါးများသိုလှောင်ရန် ခက်ခဲပါသည်။ သောက်ရေအတွက် လက်နှိပ်တုံကင်နှင့် ရေတွင်းရှိပါသည်။စာသင်ကျောင်း တွင် ကျောင်းဆရာ/ဆရာမများနေအိမ်နှင့် အိမ်သာမလုံလောက်ပါ။ စာသင်ကျောင်းတွင် ဆရာမနေအိမ်တစ်အိမ်နှင့် အိမ်သာတစ်လုံးရှိပါသည်။

## အခြေခံအဆောက်အဦ – လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေးလက်လှမ်းမှီမှု၊

ကျေးရွာမူလတန်းကျောင်းရှိခြင်း၊ကျေးရွာလမ်းမှာ မြေသားလမ်းဖြစ်ပြီး နွားလှည်း၊ မော်တော်ဆိုင်ကယ်များကိုသာ မောင်းနှင်၍ ရပါသည်။ ဆိုင်ကယ်(၂၁)စီးနှင့် စက်ဘီး (၁၂) စီးခန့် တို့ကိုသာ အသုံးပြုကြသည်။ ကျေးရွာတွင် ဆိုလာကို အသုံးပြုကြသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို လူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် အသုံးပြုနိုင်သည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ နည်းပါးပြီး တစ်ရွာလုံး သတင်းဆက်သွယ်ရေးမှာ အတော်အသင့်ကောင်းပါသည်။

## ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေး

ကျေးရွာအတွင်း ရာဇဝတ်မှုခင်းနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသားများသည် မိုဘိုင်းဖုန်း တယ်လီဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များ အတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ ရပ်ရွာတွင် အေးချမ်းသာယာလျှက်ရှိပါသည်။ လုံခြုံ ရေးပိုင်းတွင်လည်း စိတ်ချလုံခြုံလျှက်ရှိပါသည်။

## ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ

ကျွန်ုပ်တို့ရွာသ်ည ဆိုလာမီးသုံးစွဲနိုင်ကြသဖြင့် ကျောင်းသား/သူများအတွက် စာဖတ် ချိန်အထောက်အပံ့ဖြစ်စေသည်။ လူငယ်များ စာဖတ်တတ်လာကြသည်။ လူဦးရေ၏ ၆၅% သည်အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ပြီး အသက်မွေးဝမ်းကျောင်းသင်တန်း လေ့ကျင့် သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များ တိုးတက်ကောင်းမွန်စေပါသည်။ ကျေးရွာ

လူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း ခါမ်းပါတ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကုသမှုများ ခံယူနိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေးအနေအထားအတွက် ကောင်းသောအဆင့်တွင် ရှိနေပါသည်။

လယ်မြေသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာ အသင့်အတင့်ကောင်းမွန်သည်။ တောင်သူများသည် လယ်ယာထွက်ကုန်များကို အလွယ်တကူသယ်ယူပို့ဆောင်နိုင်သည်။ မိုးရွာသွန်းမှုမှာ စပါးစိုက်ပျိုးရန် အထောက်အပံ့ဖြစ်စေသည်။ ကျေးရွာသည် တမူး–ကလေးကတ္တရာလမ်း၏အရှေ့ဘက် (၅)မိုင်ခန့်တွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မှီ တင်ပို့ရောင်းချနိုင်သည်။ ကျေးရွာတွင် မွေးမြူရေးထွက်ကုန် ရောင်းချရန် ဈေးကွက်ကောင်းသဖြင့် ကြက်နှင့်နွား မွေးမြူရန် အခွင့်အလမ်းသာသည်။ ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်သည်။

## အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသယံဇာတများ မထွက်ရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြှင့်အောင် အားစိုက်ရပေမည်။ ဆည်မြောင်းမှ ရေသွင်းစိုက်ပျိုးနိုင်သော်လည်း နောက်ပိုင်းတွင် ရေမြောင်းတိုးချဲ့ဆောင်လုပ်ပြီး ရေသွင်းစိုက်ပျိုးနိုင်မည့် စိုက်ဧကတိုးတက်လာစေရန် ဆောင်ရွက်သင့်ပါသည်။ ထို့အပြင်ပိုးသတ်ဆေးအချို့ကို ခံနိုင်သော ဖျက်ပိုးများလည်း မတ်ပဲစိုက်ခင်းများတွင် ကျရောက်တတ်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နှင်းရေးနှင့်ပတ်သက်၍ ထိရောက်စွာအကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေး ကျင့်သုံးနိုင်ရေးအတွက် အထောက်အပံ့များရရှိရန် လိုအပ်သည်။ ကျေးရွာတွင်ငွေတိုးချေးသူများ ရှိသော်လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။ ဘဏ်များမှ ကျေးရွာအရောက်ဝန်ဆောင်မှုပေးသော

စနစ်မရှိပဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ စီးပွားရေးဘဏ် ၊ ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးရန်အတွက် စာရွက်စာတမ်းလိုအပ်ချက်များ ဖြည့်စွက်ရာတွင်အခက်အခဲများ ကြုံတွေ့ရတတ်သည်။ ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင် နှင့်ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊တတ်သိပညာ၊အထိအတွေ့တို့အားနည်းပါသည်။

## ရည်မှန်းချက်ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့် ငါးနှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်။

(၁) ကျေးလက်ဆေးပေးခန်း ကောင်းမွန်စွာ တည်ဆောင်အောင်မြင်စေရမည်။

(၂) စာသင်ကျောင်း ပရိဘောဂများ၊ကျောင်းအိမ်သာများ၊ ဆရာ/ဆရာမနေအိမ်များ ၊ ကျောင်းဝန်းခြံစည်းရိုးများ ကောင်းမွန်စွာတည်ဆောက်ကာရံထားရှိရမည်။

(၃) ကျေးရွာချင်းဆက်လမ်းများနှင့် တံတားများပြုပြင်တည်ဆောက်ရမည်။

(၄) စိုက်ပျိုးရေလုံလောက်စွာရရှိရန်နှင့် ရေသွယ်မြောင်းများဆောက်လုပ်တူးဖော်နိုင်ရမည်။

(၅) ကြက်၊နွား မျိုးကောင်းမျိုးသန့် များမွေးမြူစေရမည်။

## ဆောင်ရွက်မည့်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိ ရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ကျွန်ုပ်တို့ကျေးရွာတွင် ဆည်မြောင်းများတိုးချဲ့ခြင်း၊ လယ်ယာမြေများ ရေလုံလောက်မှုရရှိရန် ၊ လယ်မြေများတိုးချဲ့နိုင်ရန် ရည်မှန်းချက်များရှိပါသည်။

ကျေးရွာတွင် အရင်းအနှီးငွေနှင့် နည်းပညာများကို အသုံးချပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာများထွန်းကားလာစေရေးအတွက် သက်ဆိုင်ရာ

နည်းပညာဌာနများနှင့် ဆောင်ရွက်သွားပြီး ရရှိသော ငွေများကိုကျေးရွာတွင် မျှဝေကာ ဖွံ့ဖြိုးတိုးတက်အောင် အသုံးချ သွားပါမည်။

ကျေးရွာလူမှုရေးအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေး ဆောင်ရွက်မည်။

# ကျေးရွာ၏ဦးစားပေးစီမံချက်များ

ဖိုင်ရန်ကျေးရွာ　　　　　　　　　　　　　　　　　　　　　　　　တမူးမြို့နယ်

| စဉ် | စီမံချက်များ | ရမှတ် | အဆင့် |
|---|---|---|---|
| ၁ | စပါးမျိုးကောင်းမျိုးသန့်ရရှိရေးစီမံချက် | ၁၀၀ | ၁ |
| ၂ | ဆည်တည်ဆောက်ရေးစီမံချက် | ၈၀ | ၂ |
| ၃ | မွေးမြူရေးတိရိစ္ဆာန်မျိုးကောင်းမျိုးသန့်ရရှိရေး | ၇၀ | ၃ |
| ၄ | လျှပ်စစ်မီးရရှိရေးစီမံချက် | ၆၀ | ၄ |
| ၅ | တွင်းရေရရှိရေးစီမံချက် | ၅၀ | ၅ |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |
| ၁၁ | | | |
| ၁၂ | | | |
| ၁၃ | | | |
| ၁၄ | | | |
| ၁၅ | | | |
| ၁၆ | | | |
| ၁၇ | | | |
| ၁၈ | | | |
| ၁၉ | | | |
| ၂၀ | | | |
| ၂၁ | | | |
| ၂၂ | | | |

## (ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် စီမံချက်၏ အချိန် ဇယား ကို ဖော်ပြထားပါသည်။ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သည်များကိုဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ် လည်ကျေးရွာ ဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံကိန်း | ဦးစားပေး အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|
| ၁။ စပါးမျိုးကောင်းမျိုးသန့်ရရှိရေးစီမံချက် | ၁ | √ | - | - | - | - |
| ၂။ ဆည်တည်ဆောက်ရေးစီမံချက် | ၂ | - | √ | - | - | - |
| ၃။ မွေးမြူရေးတိရိစ္ဆာန်မျိုးကောင်းမျိုးသန့် ရရှိရေး | ၃ | - | - | √ | - | - |
| ၄။ လျှပ်စစ်မီးရရှိရေးစီမံချက် | ၄ | - | - | - | √ | - |
| ၅။ တွင်းရေရရှိရေးစီမံချက် | ၅ | - | - | - | - | √ |
| | ၆ | - | - | - | - | - |
| | ၇ | - | - | - | - | - |

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၅ | ၉ | ၁၄ | |
| ၁ နှစ်မှ ၅နှစ်အောက် | ၅နှစ်အောက်ကလေးငယ် | ၃၄ | ၂၂ | ၅၆ | |
| ၅ နှစ်မှ ၉နှစ်အထိ | မူလတန်းကျောင်းသား အရွယ် | ၃၃ | ၃၂ | ၆၅ | |
| ၉ နှစ်အထက်မှ ၁၅ နှစ် အထိ | အလယ်တန်းကျောင်းသား အရွယ် | ၄၂ | ၃၃ | ၇၅ | |
| ၁၅ နှစ်အထက်မှ ၆၀နှစ် အထိ | အလုပ်လုပ်နိုင်သည့် အရွယ် | ၁၄၆ | ၁၃၄ | ၂၈၀ | |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၆ | ၉ | ၁၅ | |
| **စုစုပေါင်း လူဦးရေ** | | **၂၆၆** | **၂၃၉** | **၅၀၅** | |
| **စုစုပေါင်း အိမ်ထောင်စု – ၈၄** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ – ၆ ဦး** | | | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ ကျွန်ုပ်တို့ကျေးရွာတွင်အလုပ်လုပ်နိုင်သည့် အရွယ် လူဦးရေမှာ တစ်ရွာလုံးတွင် အများဆုံးဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းတစ်ရပ်ဖြစ်ပါသည်။ကျေးရွာတွင် ကျား ဦးရေသည် မ ဦးရေထက် အနည်းငယ်ပိုများပါသည်။**

…………………………………………………………………………………………

### (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၅ | | ၃၅ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၄၆ | | ၄၆ | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၄ | **သစ်တောထွက်ပစ္စည်းထုတ်ယူရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ် အား | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | | ၃ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် | မရှိ | | | | |

| စဉ် | လုပ်ငန်းများ | အမိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ် အား | | |
| | အလုပ်သမား | | | | | |
| ၁၁ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၁၂ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၁၃ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၁၄ | အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၁၅ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ | မရှိ | | | | |

| စဉ် | လုပ်ငန်းများ | အမိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ် အား | | |
| | ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၁၇ | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |

| စဉ် | လုပ်ငန်းများ | အမိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ် အား | | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ – UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| | **စုစုပေါင်း** | ၈၄ | | | | |

**ရင်းမြစ်**… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာအိမ်ထောင်စုစာရင်းကောက်ယူရာတွင် အိမ်ထောင်စုပေါင်း (၈၄)စုရှိပြီး ကျား ၂၆၆ ဦးနှင့် မ ၂၃၉ ဦးရှိပါသည်။ တစ်အိမ်ထောင်လျှင် ပျှမ်းမျှ ၆ ဦးနှုန်းရှိသည်ကို တွေ့ရှိရပါသည်။ ကျေးရွာတွင် လယ်ယာမြေလုပ်ကိုင်ခြင်းမှအပ အခြားမည်သည့် လုပ်ငန်းမျှမရှိပါသဖြင့် စီးပွားရေးနိမ့်ကျနေဆဲ ဖြစ်ပါသည်။**

………………………………………………………………………………………………

……..

………………………………………………………………………………………………

……..

**(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၂၀၀၀ | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့ စား | မရှိ | မရှိ | မရှိ | မရှိ | |
| ၃ | ငါးလုပ်ငန်း – ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့ စား | မရှိ | မရှိ | မရှိ | မရှိ | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ငေ ေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့ စား | မရှိ | မရှိ | မရှိ | မရှိ | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့ စား | မရှိ | မရှိ | မရှိ | မရှိ | |
| ၆ | ဆောက်လုပ်ရေး၊ လက်သ မား၊ ပန်းရံလုပ်ငန်း | နေ့ စား | မရှိ | မရှိ | မရှိ | မရှိ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့ စား | မရှိ | မရှိ | မရှိ | မရှိ | |
| ၈ | လက်လီ–လက်ကား | နေ့ | မရှိ | မရှိ | မရှိ | မရှိ | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| | ရောင်းဝယ်ရေး | စား | | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | မရှိ | မရှိ | မရှိ | မရှိ | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | မရှိ | မရှိ | မရှိ | မရှိ | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်**

**(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

**(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျား မ အလိုက် လုပ်အားခမှာ အများအားဖြင့် ကျား များသည် မ များထက် လုပ်အားခပိုမိုရရှိကြပြီး အမျိုးသားများသည် အများဆုံး တစ်ရက်လျှင် (၅၀၀၀) ကျပ်, အနည်းဆုံး (၃၀၀၀) ကျပ်ရရှိပြီး အမျိုးသမီးများသည် အများဆုံး (၃၀၀၀) ကျပ်မှ (၂၀၀၀) ကျပ်သာ ရရှိကြောင်းတွေ့ရှိရပါသည်။**

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက ) |
|---|---|---|---|---|
| လယ်မြေ | ၃၃၀ | သင့် | အနည်းအကျဉ်း | |
| ယာမြေ /တောင်ယာ | ၁၅ | သင့် | မရ | |
| ဥယျာဉ်ခြံမြေ | - | - | - | |
| အိမ်ခြံဝင်း စိုက်ခင်း | - | - | - | |
| နှစ်ရှည်သီးနှံ စိုက်ခင်း | - | - | - | |
| ရွှေ့ပြောင်းတောင် ယာမြေ | - | - | - | |
| ကိုင်း/ကျွန်းမြေ | - | - | - | |
| စားကျက်မြေ | - | - | - | |
| ပလပ်မြေ | ၁၅၀ | သင့် | မရရှိ | |
| အခြား | - | - | - | |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ကော) |
|---|---|---|---|---|
| စုစုပေါင်း | ၄၉၅ | | | ၃၉၅.၃၂ |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

မှတ်ချက်။ ။ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးမြေအသင့်အတင့်မျှတမှုရှိကြပါသည်။ စိုက်ပျိုးရန် မြေအောက်ရေရရှိနိုင်ကြောင်း ယေဘုယျအားဖြင့် ပြောနိုင်သည်။ စိုက်ပျိုးမြေ လုံလောက်စွာ ရရှိရန် ဆည်မြောင်းမရှိပါ။ အင်းအိုင်များကို ပိတ်သွင်းစိုက်ပျိုးခြင်းသာ ဖြစ်ကြောင်း တွေ့ရှိရပါသည်။

---

(၁.၃.၂)      ခာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ခာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ခာတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမီ |
| အခြား ရင်းမြစ်များ | မရှိ | လက်လမ်းမမီ |

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| အခြားသဘာဝရင်းမြစ် | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | မရှိ | ခက် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | နည်း | ခက် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မိမိတို့ကျေးရွာတွင် ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များမရှိပါကြောင်း တွေ့ရှိရပါသည်။

…………………………………………………………………………………………………
……..

(၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေ သော အိမ်ထောင်စု | အလယ် အလတ်ရှိ သော အိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲ သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၅ | ၁၆ | ၆၀ | ၁၃ |
| အိမ်အခြေအနေ | နံရံကပ် | ကပ်ကာ- | ကပ်ကာ- | ကပ်ကာ- |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေ သော အိမ်ထောင်စု | အလယ် အလတ်ရှိ သော အိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲ သော အိမ်ထောင်စု |
| | | သက်ကယ်မိုး | သက်ကယ်မိုး | သက်ကယ်မိုး |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | လယ်ယာသုံးစက် ၅ | | | |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ဆိုင်ကယ် | ဆိုင်ကယ် | | |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ | တောင်သူ | ကျဘမ်း | ကျဘမ်း |
| အခြားပိုင်ဆိုင်မှု | | | | |
| အိမ်ထောင်စု – | ( %) | ( %) | ( %) | ( %) |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဥစ္စာဓနအဆင့်မှာ လယ်ယာမြေပိုင်ဆိုင်မှု အသင့်တင့်ရှိပြီး ကျေးရွာလူဦးရေ၏ ၂၅% သည် လယ်ယာမြေပိုင်ဆိုင်လုပ်ကိုင်နေကြောင်း တွေ့ရှိရပါသည်။ ကျေးရွာ၏ ၃၅% သည် လယ်ယာမြေ အနည်းအကျဉ်း လုပ်ကိုင်စားသောက်ပြီး ကျန်အိမ်ထောင်စုများသည် ကျဘမ်းအလုပ်လုပ်ကိုင်နေကြကြောင်း တွေ့ရှိရပါသည်။

……………………………………………………………………………………………

……..

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၆၇ | | |
| ၃ လနှင့် ၆ လအောက် | ၁ | | |
| ၆လ မှ ၁၂ လ အထိ | ၁၆ | | |

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ လယ်ယာမြေလုပ်ကိုင်သူများပြားပြီး ကျပန်းအလုပ်လုပ်ကိုင်သူနှင့် ညီမျှမှုမရှိသောကြောင့် ဝမ်းစာဖူလုံမှုရှိကြသည်ဟု ယေဘုယျ ပြောနိုင်သည်။

……………………………………………………………………………………

……………………………………………………………………………………

(၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | မရှိ | မရှိ | မရှိ |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | မရှိ | မရှိ | မရှိ |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၃ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | မရှိ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | မရှိ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု (၃)စုရှိသော်လည်း မိသားစုနည်းပါးသောကြောင့် ထိခိုက်လွယ်မှုနည်းပါသည်။

……………………………………………………………………………………

……………………………………………………………………………………

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | နိမ့် | စပါးစိုက်ဧကများပြီး ဆန်အလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်း |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးရေ) | မြင့် | စိုက်ပျိုးရေလုံလောက်စွာမရရှိခြင်း |
| ၃ | ရေကြီးခြင်း | နိမ့် | ကျေးရွာသည် ချောင်းနှင့်ဝေးသောကြောင့် |
| ၄ | မိုးခေါင်ခြင်း | နိမ့် | နှစ်စဉ် မိုးရေချိန် (၇၀) လက်မရရှိနိုင် |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | |
| ၆ | မုန်တိုင်း | နိမ့် | |
| ၇ | ငလျင် | နိမ့် | |
| ၈ | မီးဘေး | နိမ့် | ကြိုတင်ကာကွယ်မှုရှိသည် |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | ပင်လယ်မရှိပါ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | နိမ့် | မြေပြိုခြင်း မရှိသလောက်နည်းပါး |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၁ | သစ်တောပြုန်းတီးခြင်း | လတ် | သစ်ခိုးထုတ်ခြင်း၊တောင်ယာခုတ်ခြင်း |
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် | ကြိုတင်ကာကွယ်ခြင်းပြုလုပ် |
| ၁၃ | တီဘီရောဂါ | နိမ့် | ဆေးဝါးအခမဲ့ထုတ်ပေးခြင်း |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | ကူးစက်ခံရခြင်း နည်းပါး |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမ့် | မရှိ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါကျရောက်မှု | နိမ့် | ကာကွယ်ဆေးအလွယ်တကူရရှိခြင်း |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | မရှိ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည် | နိမ့် | ရွာချင်းဆက်လမ်းများပျက်စီးခြင်း |
| ၁၉ | အခြား | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ သစ်ခိုးထုတ်ခြင်းနှင့်တောင်ယာခုတ်ခြင်းများကြောင့် သစ်တောပြုန်းတီးလာသည် ။ ရွာချင်းဆက်လမ်းများ ပျက်စီးနေခြင်းကြောင့် သွားလာရေးခက်ခဲပါသည်။

……………………………………………………………………………………

. (၁.၅.၄)	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | နိမ့် | ကိုယ်ပိုင်အလုပ်အကိုင်မရှိခြင်း |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | နိမ့် | နေ့စားလုပ်ကိုင်နိုင်ခြင်းကြောင့် |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | လတ် | မြေရှင်များ၏ လယ်ယာတွင် ဝင်ရောက်အငှားလုပ်ကိုင် |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | နိမ့် | မရှိ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | နိမ့် | မရှိ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေ များသောနေရာ (Prone to accident) တွင် နေထိုင်သူများ | လတ် | ကားလမ်းဘေးနေထိုင်ခြင်း |

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | နိမ့် | မရှိ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | နိမ့် | မရှိ |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | မရှိ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | ကိုယ်ပိုင်လုပ်ငန်းအတည်တကျမရှိခြင်း |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | မရှိ |
| ၁၂ | ဒေသတွင်းပဋိပက္ခဇရိယာတွင် နေထိုင်သူများ | နိမ့် | မရှိ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | နိမ့် | အိန္ဒိယနယ်စပ်တွင်နေထိုင် |
| ၁၄ | ရွှေတွင်းလုပ်သား | နိမ့် | မရှိ |
| ၁၅ | ဆေးစွဲသူများ | မြင့် | မရှိ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | နိမ့် | အသိပညာနည်းပါးခြင်း |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | နိမ့် | မရှိ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | နိမ့် | မရှိ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | မရှိ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၂၀ | ကားသမား | နိမ့် | မရှိ |
| ၂၁ | အခြား | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေများတွင်မရှိပါ။

…………………………………………………………………………………………

……..

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | လူငယ်အဖွဲ့ | ၂ | ၂၀ | ၁၇ | ၃၇ | လူမှုရေး | ၄ | ၈ |
| ၂ | အမျိုးသမီး | ၂ | | ၁၀ | ၁၀ | လူမှုရေး | ၄ | ၈ |
| ၃ | ဘာသာရေး | ၃ | ၁၀ | ၂၀ | ၃၀ | ဘာသာရေး | ၄ | ၈ |
| ၄ | ယဉ်ကျေးမှု | ၃ | ၅ | | ၅ | ယဉ်ကျေးမှု | ၅ | ၈ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၅ | | | | | | | | |
| ၆ | | | | | | | | |
| ၇ | | | | | | | | |
| ၈ | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) – ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်မှုအားနည်းနေကြောင်း တွေ့ရှိရပါသည်။ အဖွဲ့များသည် လုပ်ငန်းအစည်းအဝေး ကျင်းပရာတွင် မှတ်တမ်းသိမ်းဆည်းထားမှု အားနည်းကြောင်း တွေ့ရသည်။

-----------------------------------------------------------------------------------

-----------------------------------------------------------------------------------

**(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ**

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့်အစီအစဉ် |
|---|---|---|---|
| ၁ | | ၂ | အမျိုးသမီးသားဆက်ခြား |
| ၂ | PSI | ၂ | ငှက်ဖျားတိုက်ဖျက်ရေး |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။**

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊

အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ – UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် PSI အဖွဲ့မှ ငှက်ဖျားရောဂါကာကွယ်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ထားပေးခြင်းနှင့် မာရီစတုတ်အဖွဲ့မှ အမျိုးသမီးနှင့်ပတ်သက်သည့် ရောဂါများ ကာကွယ်ကုသပေးထားကြောင်း တွေ့ရသည်။ ---------------------

-----------------------------------------------------------------------------------

--------------------------------------------

(၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၂.၂.၁) သီးနှံထုတ်လုပ်ရေး

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၅၀ | | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ကေအောက် | ၁ | | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ကေမှ ၅ ကေထိ | ၆ | | တောင်သူငယ် |
| ၄ | ၅ ကေမှ ၁၂.၅ ကေကြား | ၂၀ | | အလယ်အလတ်စားတောင်သူ |

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၅ | ၁၂.၅ ဧက အထက် | ၇ | | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၈၄ | | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု အသင့်အတင့် ရှိကြောင်း တွေ့ရှိရပါသည်။**

……………………………………………………………………………………………

……..

**(၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ**

**ဇယား (၁၄)** ကျေးရွာ၏ ရေရင်းမြစ်နှင့် **ရေသွင်းဧရိယာ**

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက် ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | ပုဂ္ဂလိက | ၅၀ | ရာသီအလိုက် | မရှိ |
| ၂ | ရေလွှဲဆည် | မရှိ | | | မရှိ |
| ၃ | မြစ်ရေတင် စီမံကိန်း | မရှိ | | | မရှိ |

| စဉ် | ရင်းမြစ် | အစိုးရ/ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၄ | အဝီစိတွင်း | မရှိ | | | မရှိ |
| ၅ | လက်ငင်ရေတွင်း | မရှိ | | | မရှိ |
| ၆ | စိမ့်စမ်းရေ | မရှိ | | | မရှိ |
| ၇ | ချောင်းရေ | ပုဂ္ဂလိက | ၃၃၀ | ရာသီအလိုက် | ရှိ |
| ၈ | အခြား | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လက်ငင်ရေတွင်းမှာ မိုးရာသီနှင့် ဆောင်းရာသီအတွင်းလုံလောက်ပြီး တစ်ခါတစ်ရံ နွေရာသီတွင် ရေလုံလောက်မှုမရှိကြောင်း တွေ့ရပါသည်။

……………………………………………………………………………………

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက် ဧက | သီးနှံထွက်မှု | သီးနှံ စိုက်ပျိုးသည့် ကာလ | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/ | အမြတ် ရရှိနိုင်မှု (နိမ့်/လ | မှတ်ချက် |
|---|---|---|---|---|---|---|

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | မြင့်) | တ်/ မြင့်) | |
| စပါး | ၃၃၀ | တင်း | ၅၀ | ၈၀ | ၆၅ | ဖွန် | ဒီဇင်ဘာ | လတ် | လတ် | |
| မုန်ညင်း | ၁၀ | တင်း | ၁၀ | ၁၅ | ၁၀ | စက်တင်ဘာ | နိုဝင်ဘာ | နိမ့် | နိမ့် | |
| | | | | | | | | | | |
| | | | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် သီးနှံအထွက်နှုန်းမှာ နှစ်စဉ် အသင့်အတင့်ထွက်ရှိကြောင်းတွေ့ရှိရပါသည်။

…………………………………………………………………………………………………………

(၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ထွန်စက် | - | - | - | - | - | - | |
| လက်တွန်းထွန်စက် | ၅ | - | - | - | _ | ၁၅ | ၁ ကေ လျှင် ၁၀ တင်းနှင့်ငှား |

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
